# နိုင်ငံတကာ အားကစား သတင်းများ

## ဆွန်ဟောင်မင် မေဂျာလိဂ် သုံးပွဲဆက် ဂိုးသွင်းယူနိုင်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်

**လန်ဒန် ဇူလိုင် ၂၈**

LAFC အသင်း တိုက်စစ်မှူး ဆွန်ဟောင်မင်သည် မေဂျာလိဂ် သုံးပွဲဆက် ဂိုးသွင်းယူနိုင်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် LAFC အသင်းက ကန်ဆက်စီးတီးအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

တိုက်စစ်မှူး ဆွန်ဟောင်မင်သည် LAFC အသင်းနှင့်အတူ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲ ၂၄ ပွဲ ကစားကာ ငါးဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဆွန်ဟောင်မင်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အသင်းအတွက် အဖိုးတန်သွင်းဂိုးတွေ သွင်းယူပြီး အောင်မြင်မှုတွေ များစွာရယူသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ)**

**(NGB)**



## နည်းပြ အင်ဒရေပီယာလိုကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် အီတလီအသင်း သဘောတူညီမှုရရှိဟု သတင်းများထွက်ပေါ်

**တူရင် ဇူလိုင် ၂၈**

အီတလီအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ အင်ဒရေပီယာလိုကို ခန့်အပ်ရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

အသက်(၄၇)နှစ်အရွယ်ရှိ နည်းပြသည် အီတလီအသင်းနှင့် လေးနှစ်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း လာရောက်ပူးပေါင်းသွားမည်ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။



နည်းပြ အင်ဒရေပီယာလိုသည် နည်းပြဘဝတစ်လျှောက်တွင် ဂျူဗင်တပ်၊ ဆမ်ဒိုးရီးယား၊ Fatih Karagumruk၊ ဒူဘိုင်းယူနိုက်တက်စသည့်ကလပ်အသင်းများကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်သည်။

ထို့ကြောင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း နည်းပြ အင်ဒရေပီယာလိုကို အီတလီအသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**



## အတ္တလန္တာအသင်းက အာရီဇိုအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**တူရင် ဇူလိုင် ၂၈**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အတ္တလန္တာအသင်းနှင့် အာရီဇိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အတ္တလန္တာအသင်းက အာရီဇိုအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အတ္တလန္တာအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၄၉ မိနစ်တွင် အီဘရာဟင်၊ ပွဲချိန် ၆၄ မိနစ်တွင် အီဒါဆင်၊ ပွဲချိန် ၇၁ မိနစ်တွင် ခရစ္စတိုဖာစ်ချိတ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အတ္တလန္တာအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂ ရက်တွင် ဗီယင်နာ၊ ဩဂုတ် ၈ ရက်တွင် ရှော်လ်ကေးအသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(အပေါ်ပုံ)(NGB)**

## ဖီကာယိုတိုမိုရီကို ခေါ်ယူရန် နယူးကာဆယ်အသင်း ကမ်းလှမ်း

**လန်ဒန် ဇူလိုင် ၂၈**

နယူးကာဆယ်အသင်းသည် အေစီမီလန်အသင်း နောက်ခံကစားသမား ဖီကာယိုတိုမိုရီကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။



အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၄ ပွဲ ကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းကလည်း ဖီကာယိုတိုမိုရီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကို မဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အေစီမီလန်အသင်းမှ ဖီကာယိုတိုမိုရီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## အန်တိုနီယိုဖာဂါရာ နာပိုလီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဇူလိုင် ၂၈**

နာပိုလီအသင်းသည် အသင်းကွင်းလယ်ကစားသမား အန်တိုနီယိုဖာဂါရာကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် နာပိုလီအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၁၉ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ အန်တိုနီယိုဖာဂါရာက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းဟာ ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ **(အောက်ပုံ) (NGB)**



## လီကန်အင် အက်သလက်တီကိုမက်ဒရစ်အသင်းတွင် ကျောနံပါတ်(၇) ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**မက်ဒရစ် ဇူလိုင် ၂၈**

ကွင်းလယ်တိုက်စစ်ကစားသမားသစ် လီကန်အင်သည် အက်သလက်တီကိုမက်ဒရစ်အသင်းတွင် ကျောနံပါတ်(၇) ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ပီအက်စ်ဂျီအသင်းမှ အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ယူရို ၃၅သန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား လီကန်အင်သည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၄ ပွဲကစားကာ ၁၆ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ **(အောက်ပုံ)**




အက်သလက်တီကိုမက်ဒရစ်အသင်းသည် လက်ရှိ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမား သုံးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* လိဗ်ယူနိုက်တက်အသင်းနှင့် အေဂျက်စ်အသင်းတို့သည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်ကွင်းလယ်တိုက်စစ်ကစားသမား ဂျူလီယန်ဘရန့်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။
* အာဆင်နယ်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ဗင်နီစီယပ်စ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။
* စပါးအသင်း နည်းပြ ဒီဇယ်ဘီက အသင်းမှာ မပျော်ရွှင်သည့် ကစားသမားများ ထွက်ခွာနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။

**(NGB)**

## ဗိုဇင်ဟာကို ကိုလိုကိုလိုအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၈**

ချီလီအအောင်မြင်ဆုံးကလပ် ကိုလိုကိုလိုအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လူသိများထင်ရှားခဲ့သည့် ကိပ်ဗာဒီအသင်းဂိုးသမား ဗိုဇင်ဟာကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ကိုလိုကိုလိုအသင်းနှင့်အတူ တစ်နှစ်ခွဲစာချုပ် ချုပ်ဆိုခဲ့သည်။



ဂိုးသမား ဗိုဇင်ဟာသည် ယခင်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် Follower ၅၀၀၀၀ ဝန်းကျင်သာရှိခဲ့သော်လည်း ကမ္ဘာ့ဖလားကာလအတွင်း ကိပ်ဗာဒီအသင်းနှင့်အတူ လက်စွမ်းပြနိုင်ခဲ့ပြီး Follower ၂၉ သန်းနီးပါးအထိ ရောက်ရှိကာ လူသိများလာခဲ့ခြင်းကြောင့် ကိုလိုကိုလိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အသက်(၄၀)နှစ်အရွယ်ရှိ ဗိုဇင်ဟာအနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် ကိုလိုကိုလိုအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## 2026 Estoril Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Luca Van Assche ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၂၈**

ပေါ်တူဂီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Estoril Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပြင်သစ်တင်းနစ်ကစားသမား Luca Van Assche က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Luca Van Assche သည် 2026 Estoril Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဘယ်လ်ဂျီယံတင်းနစ်ကစားသမား Alexander Blockx ကို ၆-၄၊ ၄-၆၊ ၇-၅ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။




အသက်(၂၂)နှစ်အရွယ်ရှိ Luca Van Assche က "ကျွန်တော်အခုလို 2026 Estoril Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် နိုင်ငံအတွက် အကောင်းဆုံး ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(ဝဲပုံ) (NGB)**

# တရားဦးဓမ္မစကြာတရားတော်(၁)

## ဒေါက်တာခင်ဝင်းကြည်

ကျွန်မတို့ မြန်မာလူမျိုးတွေဟာ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ခဲ့ကြတာ နှစ်ပေါင်းထောင်ချီခဲ့ပါပြီ။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံဟာလည်း ဗုဒ္ဓဘာသာထွန်းကားတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ကမ္ဘာမှာ ထင်ရှားကျော်ကြားနေတာလည်း ကျွန်မတို့အားလုံးအသိပါ။

ယနေ့ဟာဆိုရင် **ဝါဆိုလပြည့်နေ့** ဗုဒ္ဓဘာသာဝင်တွေအတွက် အထွတ်အမြတ်ထားတဲ့ **ဓမ္မစကြာအခါတော်နေ့** ဖြစ်ပါတယ်။

ဓမ္မစကြာအခါတော်နေ့ဆိုတာ ဘာလဲဆိုတာ ပြောရင်းနဲ့ အဲ့ဒီဓမ္မစကြာတရားတော်ကို ကျွန်မတို့ ပူဇော်ကြရအောင်ပါ။

ဓမ္မစကြာအခါတော်နေ့ဆိုတာ အားလုံးသိတဲ့အတိုင်း **ဂေါတမဗုဒ္ဓ မြတ်စွာဘုရားရှင် ဓမ္မစကြာတရားတော်ကို ဟောကြားတဲ့နေ့**။ ဒီတရားတော်ကို သိစရာတရားအလုံးစုံကို ကိုယ်တော်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်တော်မူပြီး ဗုဒ္ဓအဖြစ်သို့ ရောက်ရှိတော်မူပြီး **ပထမဦးဆုံး ဟောကြားခဲ့တဲ့ တရားတော်**ဖြစ်ပါတယ်။ **(တရားဦး)**

* **ဗုဒ္ဓအဖြစ်သို့ရောက်ရှိတာက ကဆုန်လပြည့်နေ့။**
* **ဓမ္မစကြာတရားကိုဟောတာက ဝါဆိုလပြည့်နေ့။ (ဘုရားအဖြစ်ရောက်ပြီး နှစ်လအကြာ)**
* **ဗုဒ္ဓအဖြစ်သို့ ရောက်တဲ့နေရာက ဗုဒ္ဓဂါယာမှာရှိတဲ့ မဟာဗောဓိညောင်ပင်ကြီးအောက်**မှာပါ။
* **ဓမ္မစကြာကိုဟောတာက** ဗုဒ္ဓဂါယာနဲ့ ယူဇနာ(၁၈)။ (၁၄၄) မိုင်ခန့်မှာရှိတဲ့ **ဗာရာဏသီမြို့**။ သမင်များကို ဘေးမဲ့ပေးထားတဲ့တော(**မိဂဒါဝုန်**)မှာ ဖြစ်ပါတယ်။ **ဣသိပတနတော**လို့လည်းခေါ်ပါတယ်။ ဘုရား၊ ရဟန္တာ အစရှိတဲ့ သူတော်ကောင်းများ ကောင်းကင်သို့ ပျံတက်ရာ မြေပြင်သို့ ဆင်းသက်ရာနေရာလို့ အဓိပ္ပာယ်ရှိပါတယ်။ မြင့်မြတ်တဲ့မြေလို့ ဆိုလိုတာပါ။
* **ဘယ်သူတွေကို ဟောတာလဲ** ဆိုတော့ **ပဉ္စဝဂ္ဂီငါးပါး**ကို ဟောတာပါ။ ပဥ္စ = ၅၊ ဝဂ္ဂီ = အစု ဆိုတော့ အရေအတွက်အားဖြင့် ငါးဦးပါဝင်တဲ့ အဖွဲ့ကို ဟောတာပါ။

### ပဥ္စဝဂ္ဂီငါးပါး

ပဥ္စဝဂ္ဂီငါးပါးဆိုတာ ဗုဒ္ဓဝင်(ဘုရားရှင်ဗုဒ္ဓရဲ့သမိုင်း)မှာ အလွန်မှအရေးပါတဲ့ ပုဂ္ဂိုလ်တွေဖြစ်လို့ သူတို့အကြောင်း နည်းနည်းကြည့်ညိုရအောင်ပါ။

ပဥ္စဝဂ္ဂီတွေရဲ့ အမည်တွေက **ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ** တို့ ဖြစ်ပါတယ်။

**ကောဏ္ဍည**ဆိုတာ ဘုရားအလောင်းတော်မင်းသားလေး (သိဒ္ဓတ္ထ)မွေးဖွားပြီးစတုန်းက ဒီမင်းသားဟာ တစ်နေ့မှာ **ဘုရားစင်စစ်ကေန်ဖြစ်မယ်လို့ တိကျရဲရင့်စွာ ဟောခဲ့တဲ့** ဗြာဟ္မဏမျိုးနွယ်ပုဏ္ဏားပညာရှိဖြစ်ပါတယ်။

နောက် လေးဦးက ကောဏ္ဍညကဲ့သို့ လက္ခဏာဗေဒင်ပညာရှင် **ဗြာဟ္မဏမျိုးနွယ်များ**ပင်ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ် လေးဦးကတော့ မွေးကင်းစ မင်းသားလေးဟာ တစ်နေ့မှာ **ဘုရားသော်လည်းကောင်း၊ စကြဝတေးမင်းသော်လည်းကောင်းဖြစ်မယ်** ဆိုပြီး နှစ်မျိုးဟောခဲ့ကြပါတယ်။

တကယ်က မင်းသားလေးကို ဘုရင်တကာ့ဘုရင် စကြဝတေးမင်းသော်လည်းကောင်းဖြစ်မယ်လို့ ထည့်ပြီး ဟောတာက မင်းသားလေးရဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးရဲ့အကြိုက်လိုက်ပြီး ဟောခဲ့တယ်နဲ့ တူပါတယ်။

သူတို့လည်းပဲ မင်းသားလေးက တစ်နေ့ဗုဒ္ဓအဖြစ်ရောက်မယ်ဆိုတာ တွက်လို့ရတယ်ထင်ပါတယ်။ ဒါကြောင့်လည်းပဲ **သူတို့ရဲ့သားတော်တွေ**ကို အဲ့ဒီမင်းသားလေး ဘုရားအဖြစ်သို့ ရောက်ရှိတဲ့အခါ တရားနာယူဖို့၊ သူတို့ကတော့ အသက်ကြီးပြီဖြစ်လို့ ဘုရားရှင်တရားဟောတာ နာခွင့်မကြုံနိုင်တော့တာသိတဲ့အတွက် သားတွေကို **ရသေ့ရဟန်းဝတ်ပြီးစောင့်ကြဖို့** မှာခဲ့ကြပါတယ်။

အဲ့ဒီလို မှာခဲ့တဲ့အတွက် သားလေးယောက်ဟာ ဘုရားအလောင်းတော်မင်းသား ဘုရားရှင်အဖြစ်ရောက်တဲ့အခါ တရားနာဖို့ ရသေ့ရဟန်းဝတ်ပြီးစောင့်နေကြတဲ့ ပုဂ္ဂိုလ်လေးဦးပဲ ဖြစ်ပါတယ်။

ဘုရားအလောင်းတော်မင်းသား **သက်တော် (၂၉)နှစ်မှာ ထီးနန်းစည်းစိမ်အားလုံးစွန့်ပြီး ရဟန်းဘဝခံယူ**၊ ဂါယာသီသ (ယခု ဗုဒ္ဓဂါယာ)နဲ့ မနီးမဝေး **ဥရုဝေလတော**(ဥရုစ်တော)မှာ သီတင်းသုံး တရားကျင့်နေတဲ့အခါ **ပဥ္စဝဂ္ဂီငါးပါး**တို့က ဘုရားအလောင်းတော် **ဂေါတမရဟန်းကို ပြုစုလုပ်ကျွေးခဲ့ကြပါတယ်။**

ဆိုလိုတာက ဘုရားအလောင်းတော်ရဟန်း စိတ်အေးချမ်းသာစွာ တရားအလုပ်လုပ်နိုင်ဖို့ ဝေယျာဝစ္စအားလုံး ပဥ္စဝဂ္ဂီငါးပါးက လုံးဝတာဝန်ယူဆောင်ရွက်ပေးကြပါတယ်။

ဘုရားအလောင်းတော်ကလည်း လူသားများအပါအဝင် သက်ရှိသတ္တဝါအားလုံး၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံး ဘယ်လိုမှ ရှောင်လွှဲလို့မရတဲ့ **အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့ ကင်းဝေးချုပ်ငြိမ်းစေမယ့်တရား၊ ကင်းဝေးချုပ်ငြိမ်းစေမယ့် နည်းလမ်းကို မလျှော့သော ဇွဲ၊ လုံ့လဖြင့် ကြိုးစားရှာဖွေတော်မူခဲ့ပါတယ်။** ဆွမ်းဘုဉ်းပေးရတာတောင် အချိန်ကုန်တယ်ဆိုပြီးတော့ တဖြည်းဖြည်းနဲ့ လျှော့လျှော့လာလိုက်တာ **ဆွမ်းတစ်လုတ်၊ သစ်သီးတစ်လုံး**လောက်ပဲ ဘုဉ်းပေးတော့တာမျိုးအထိလုပ်ပြီး တရားထိုင်၊ တရားကျင့်တော်မူခဲ့ပါတယ်။ အိပ်ချိန်ဆိုတာလည်း အိပ်တယ်ဆိုရုံလောက်သာ အိပ်ပါတော့တယ်။

**သာမန်လူတို့ ကျင့်နိုင်ခဲတဲ့ အကျင့်(ဒုက္ကရစရိယာ)**ကို ကျင့်လာလိုက်တာ ခန္ဓာကိုယ်ဟာ အရိုးပေါ်အရေတင် လဲကျမတတ်ဖြစ်လာခဲ့ပါတယ်။ ရဟန်းဝတ်ခဲ့တာလည်း ခြောက်နှစ်ခန့်ပင် ရှိခဲ့ပါပြီ။

ဒီတော့မှ ဘုရားအလောင်းတော်ရဟန်းဟာ သူကျင့်နေတဲ့ ဒုက္ကရစရိယာအကျင့်ဟာ **အစွန်းရောက်လွန်းနေ**တဲ့အတွက် သူရည်မှန်းတဲ့ အို၊ နာ၊ သေ လွတ်ကြောင်းတရားကိုရဖို့ **နည်းမှန်လမ်းမှန်မဟုတ်** အကျိုးမဲ့သေသွားဖို့ပဲရှိကြောင်း ဆင်ခြင်သုံးသပ်တော်မူမိပါတယ်။

ဒီလိုမျိုး ခန္ဓာကိုယ်ကို နှိပ်စက်ညှဉ်းပန်းတဲ့ အစွန်းရောက်နည်းနဲ့ တရားမရနိုင်ဘူးဆိုတော့ **ခန္ဓာကိုယ်ကို လွန်စွာအလိုလိုက်အကြိုက်ဆောင်တဲ့ ဆန့်ကျင်ဘက် အစွန်းနည်း** နဲ့ရော တရားရနိုင်မလား။ ဒါလည်း တောထွက်ပြီး **ရဟန်းမဝတ်မီ အသက် (၂၉)နှစ်**အထိ မင်းစည်းစိမ်၊ လူ့စည်းစိမ်အမျိုးမျိုးကို စံစားခဲ့ပြီးပြီလေ။ ဘယ်မှာ **အို၊ နာ၊ သေလွတ်တဲ့တရား**မြင်မှ မမြင်ခဲ့တာ။

ဒီတော့ (၁) ခန္ဓာကိုယ်ကို လွန်စွာအလိုလိုက်တဲ့နည်းနဲ့ တရားရှာတဲ့အကျင့်၊ (၂) လွန်စွာခြိုးခြံချွေတာပြီး ခန္ဓာကိုယ်ကို လွန်စွာနှိပ်စက်ခြင်းဖြင့် တရားရှာတဲ့နည်း။ **ဒီနည်းနှစ်ခု**စလုံးဟာ **အစွန်းရောက်**တဲ့နည်းတွေဖြစ်လို့ အို၊ နာ၊ သေ ကင်းရာတရားကို ရှာဖွေတဲ့ နည်းမှန်၊ လမ်းမှန်တွေ မဟုတ်ပါလားဆိုတာကို ရဟန်းဂေါတမက ဆင်ခြင်သုံးသပ်မိတော်မူပါတယ်။

ဒီကမှတစ်ဆင့် ဆက်လက်ဆင်ခြင်သုံးသပ်မိတော်မူတာက သူ ရယူလိုတဲ့ တရားကိုရဖို့ရာအတွက် ဒီအစွန်းရောက်တဲ့နည်းနှစ်ခုကို ရှောင်ပြီး **အလယ်အလတ်လမ်းကို လိုက်ပါမှ ဖြစ်တော့မယ်**ဆိုတာကိုပါပဲ။ ခြိုးခြံချွေတာသင့်တာ ခြိုးခြံပြီး ခန္ဓာကိုယ်အသက်ရှင်ရပ်တည်နိုင်ဖို့အတွက် လိုအပ်သလောက် စားသောက်နေထိုင်ကျင့်ကြံဖို့လည်း လိုအပ်ကြောင်း ဆင်ခြင်မိပါတယ်။

> ဒီလိုမျိုး(အကျိုးမရှိတဲ့) အစွန်းရောက်တဲ့ နည်းနှစ်ခုစလုံးကို ရှောင်၊ အလယ်အလတ်လမ်းစဉ် (တစ်နည်းအားဖြင့် အလယ်အလတ်လမ်း)ကိုပဲ မဇ္ဈိမပဋိပဒါလမ်းစဉ်လို့ ခေါ်ခြင်း ဖြစ်ပါတယ်။
>
> ဒါနဲ့ပဲ ဘုရားအလောင်းတော် ဂေါတမရဟန်းဟာ တစ်နေ့လုံးနေမှ ဆွမ်းတစ်လုတ်၊ သစ်သီးတစ်လုံးလောက်မျှသာ ဘုဉ်းပေးပြီး မထစတမ်း တစ်နေကုန် တရားရှုမှတ်၊ ညရောက်ပြန်တော့လည်း သင့်တော်တဲ့ အိပ်ချိန်၊ နားချိန် မယူဘဲ ဆက်လက်ပြီး တရားထိုင်တာမျိုးလုပ်တဲ့ ဒုက္ကရစရိယာအကျင့်ကို စွန့်လွှတ်လိုက်ပါတယ်။

အသက်နဲ့ခန္ဓာ အိုးစားမကွဲပါမှ (အသက်ရှင်ပါမှ) လိုအပ်တဲ့ တရားရှုမှတ်တာတွေကို လုပ်နိုင်မှာဖြစ်သလို အခြားတစ်ဖက်မှာလည်း ခန္ဓာကိုယ်ကို အလွန်အကြူး အလိုလိုက်ပြီး နေချင်သလိုနေ၊ စားချင်သလိုစား၊ သွားချင်သလိုသွား၊ လုပ်ချင်စိတ်ပေါက်တိုင်း လျှောက်လုပ်နေလို့ မဖြစ်နိုင်ဘူး မဟုတ်ပါလား။

စားချိန်တန်ရင် စားသင့်သလောက်စား၊ အိပ်ချိန်တန်ရင် အားပြန်ဖြစ်ရုံ လိုအပ်သလောက်အိပ်၊ အာဟာရသင့်တင့်မျှတအောင် စားသောက်နေထိုင်ပါမှ သူ လိုချင်ရယူချင်တဲ့ အို၊ နာ၊ သေ ကင်းတဲ့တရားကို ကြိုးစားရှာနိုင်မယ်ဆိုတာ ဘုရားအလောင်းတော် ဂေါတမရဟန်းက ဆင်ခြင်သတိပြုမိလိုက်ပါတယ်။

ဒီလိုမျိုး(အကျိုးမရှိတဲ့) အစွန်းရောက်တဲ့ နည်းနှစ်ခုစလုံးကို ရှောင်၊ အလယ်အလတ်လမ်းစဉ် (တစ်နည်းအားဖြင့် အလယ်အလတ်လမ်း)ကိုပဲ **မဇ္ဈိမပဋိပဒါလမ်းစဉ်**လို့ခေါ်ခြင်း ဖြစ်ပါတယ်။

ဒါနဲ့ပဲ ဘုရားအလောင်းတော် ဂေါတမရဟန်းဟာ တစ်နေ့လုံးနေမှ ဆွမ်းတစ်လုတ်၊ သစ်သီးတစ်လုံးလောက်မျှသာ ဘုဉ်းပေးပြီး မထစတမ်း တစ်နေကုန် တရားရှုမှတ်၊ ညရောက်ပြန်တော့လည်း သင့်တော်တဲ့ အိပ်ချိန်၊ နားချိန်မယူဘဲ ဆက်လက်ပြီး တရားထိုင်တာမျိုးလုပ်တဲ့ **ဒုက္ကရစရိယာအကျင့်ကို စွန့်လွှတ်**လိုက်ပါတယ်။

ဆွမ်းခံထွက်ရမယ့်အချိန် ကိုယ်တော်တိုင် ဆွမ်းခံထွက်၊ ဆွမ်းကိုလည်း သင့်တင့်မျှတအောင်၊ အာဟာရပြည့်အောင် ဘုဉ်းပေး၊ ညအခါလည်း သင့်တင့်တဲ့ အနားယူချိန် အနားယူပြီး ကျန်တဲ့အချိန်တွေမှာတော့ တရားရှုမှတ်တော်မူပါတယ်။

ဒါကို တစ်ချိန်လုံး ဘုရားအလောင်းတော်ကို ပြုစုစောင့်ရှောက်နေခဲ့ကြတဲ့ **ပဥ္စဝဂ္ဂီငါးပါး**က တစ်မျိုးထင်ကြပါတယ်။ ရဟန်းဂေါတမဟာ နေ့မအိပ်၊ ညမအိပ်၊ နေ့မနား၊ ညမနား တရားကျင့်တာတောင် ဗုဒ္ဓအဖြစ်ကို မရောက်တာ အခုလိုမျိုး အချိန်ပြည့်မလုပ်ရင် ဘယ်လိုလုပ် ဗုဒ္ဓဘုရားရှင်ဖြစ်နိုင်ပါတော့မလဲလို့ တွေးထင်သွားကြပါတယ်။ **ဘုရားအလောင်း**ကို အနီးကပ်ပြုစုနေရာမှ **ခွဲခွာပြီး** အစောက ပြောခဲ့တဲ့ **ဗာရာဏသီမြို့**ဆီသို့ ထွက်သွားကြပါတော့တယ်။

ဘုရားအလောင်းတော်ကတော့ စိတ်ပျက်အားလျှော့သွားခြင်း မရှိခဲ့ပါဘူး။ သူ လိုချင်တဲ့ အို၊ နာ၊ သေ တရားကိုပဲ အာရုံစိုက်ပြီး ဆက်လက်ကြိုးစားရှာဖွေတော်မူခဲ့တာ အကျဉ်းချုံးပြောရရင် ဥရုဝေလတောနဲ့ မနီးမဝေးမှာရှိတဲ့ **ဂါယာသီသအရပ်**မှာရှိတဲ့ **မဟာဗောဓိညောင်ပင်အောက်**မှာ ထွက်လေ၊ ဝင်လေကို သတိမပြတ် ရှုမှတ်တဲ့ **အာနာပါနကမ္မဋ္ဌာန်း**ပေါ်မှာ အခြေခံပြီး **စိတ်၏တည်ကြည်ငြိမ်သက်ခြင်း**(သမာဓိ)ကို ဦးစွာ တည်ဆောက်ပါတယ်။ အဲ့ဒီကမှတစ်ဆင့် **စိတ်နှင့်ရုပ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော**တို့ကို **ဝိပဿနာ**တင်၍ ဆင်ခြင်သုံးသပ်တော်မူပြီးမှ ဝိပဿနာဉာဏ်အဆင့်ဆင့်တက်သွားရာ နောက်ဆုံး **အရဟတ္တမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်**ကို ရရှိတော်မူခဲ့ပါတယ်။

**အနိစ္စ** = သက်ရှိသက်မဲ့အရာအားလုံးတို့၏ ဖြစ်ပျက်ပြုပြင်ပြောင်းလဲတတ်သောသဘော၊ မမြဲတဲ့သဘော။

**ဒုက္ခ** = အရာရာတို့၏ ဆင်းရဲခြင်းမကင်းသောသဘော။

**အနတ္တ** = အရာရာတို့အပေါ်မှာ အစိုးမရသောသဘော။

အရာရာတိုင်းဟာ သူ့သဘောသူဆောင်ပြီး ဖြစ်ချိန်တန်ဖြစ် ပျက်ချိန်တန်ပျက်တတ်တဲ့သဘော။

**ဝိ** = အထူး၊ အပေါ်ယံမဟုတ် နက်နက်နဲနဲ လေ့လာခြင်း။

**ပဿန** = ရှုခြင်း။

**အရဟတ္တမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်** = သတ္တဝါတို့၏စိတ်ကို လောင်မြိုက်စေတတ်တဲ့ ကိလေသာတရားအားလုံး ကင်းစင်သွားတဲ့ ရဟန္တာအရှင်မြတ်များရရှိတဲ့ဉာဏ် **အာသဝက္ခယဉာဏ်**လို့လည်းခေါ်ပါတယ်။ **(ဓိနတ္တ၊ စာ-၄၉)**

သေရည်အရက်ကဲ့သို့ လူအပါအဝင် သတ္တဝါအားလုံးတို့ကို ယစ်မူးစေတတ်တဲ့ **အာသဝေါတရား**အားလုံး ကင်းရာကုန်ရာ နိဗ္ဗာန်ကို ပို့ဆောင်နိုင်တဲ့ ဉာဏ်ပါ။

(ဥပမာ) ကာမဂုဏ်အာရုံငါးပါး၌ မွေ့လျော်ပျော်ပိုက်ခြင်းကဲ့သို့သော အာသဝေါတရားအားလုံး ကင်းသွားတဲ့အခါ ရတဲ့ဉာဏ်ဖြစ်ပါတယ်။

# အသိပညာပေးဟောပြောပွဲ ကျင်းပ



**မြို့သစ် ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ Gender, CEDAW, NS-PAW နှင့် UNSCR 1325 အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးကျော်ဝင်းထက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်မျိုးသူက အမျိုးသမီးများ၏ အခွင့်အရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းနွေထွေးက ကျား၊ မရေးရာ Gender အခြေခံသဘောတရားများအကြောင်း၊ အကြမ်းဖက်မှုအမျိုးအစားများ၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဖြစ်ပွားရသည့်အကြောင်းအရင်း၊ အကြမ်းဖက်မှုများ ဖြစ်ပွားပါက ဆက်သွယ်တိုင်ကြားနိုင်သည့် နေရာများနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်ပေးသည့် လုပ်ငန်းများကို အသိပညာပေး ဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

*-*-*-*-*

# လူငယ်ရေးရာအသိပညာပေးဟောပြော၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကျင်းပ

**လင်းခေး ဇူလိုင် ၂၈**

လူငယ်လူရွယ်များ အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ဝဲပုံ)**



ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက လူငယ်နှင့် စာပေမြတ်နိုးစိတ် ခေါင်းစဉ်ဖြင့် စာဖတ်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စာအုပ်၊ စာပေများကို ဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် အချိန်ကို စီမံခန့်ခွဲအသုံးပြုသင့်သည့် နည်းလမ်းများ၊ စာဖတ်ခြင်းဖြင့် အတွေးသစ်အမြင်သစ်များ ရရှိပြီး အတွေးအခေါ်များ မြင့်မားလာကာ မိမိဘဝအောင်မြင်တိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်ပုံများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ စာဖတ်ရှိန်မြင့်မားလာစေရေးအတွက် ဆောင်ရွက်ပေးနေမှုများကို အသိပညာပေးဆွေးနွေးဟောပြောခဲ့သည်။ ဟောပြောပွဲအပြီးတွင် တက်ရောက်လာသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲအား စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# "ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း" စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပ

**လားရှိုး ဇူလိုင် ၂၈**

စာအုပ်စာပေဝါသနာပါသူ (Club) အဖွဲ့ဝင်များ စုစည်း၍ စာရေးဆရာ နန္ဒာသိန်းဇံ၏ 'ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း' စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ဇူလိုင် ၂၆ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ထွေးအောင်က အမှာစကားပြောကြားပြီး လားရှိုးခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းနေလှိုင်က စာဖတ်ဝိုင်းကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ နန္ဒာသိန်းဇံ၏ 'ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း' စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံစာရေးဆရာအသင်း (လားရှိုး)ဥက္ကဋ္ဌ ဦးသောင်းလွင်က စာအုပ်ပါအကြောင်းအရာများအား ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် Book Club အဖွဲ့၊ Woman Club အဖွဲ့နှင့် Youth Club အဖွဲ့ဝင်များက မိမိတို့ဖတ်ရှုထားသည့် အခန်းကဏ္ဍအလိုက် စာအုပ်ပါအကြောင်းအရာများဖြင့် အသီးသီး ဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံစာရေးဆရာအသင်း (လားရှိုး) ဥက္ကဋ္ဌက ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။

ယခုလို စာဖတ်ဝိုင်းဆွေးနွေးပွဲများကို စာအုပ်စာပေဝါသနာပါသူ (Club) အဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လစဉ် စဉ်ဆက်မပြတ် ကျင်းပပေးမည်ဖြစ်ကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

**(အောက်ပုံ)**

**လှမော်(ပြန်/ဆက်)**





ဖတ်စရာ၊ မှတ်စရာ
စုံလင်

# လမြတ်ဝါဆို

* ဝါဆိုလပြောင်း
မိကျောင်းဖွေးဖွေး မိုးအေးအေးဟာ
ရေးကစာဆို အလွမ်းပိုအောင်
ပန်းကိုဂုဏ်တင် အလှဆင်ထား
ရွာဝင်နံဘေး တောလမ်းလေးမှာ
ဖွေးဖွေးလှပ်ဝေ ဖူးပွင့်နေသည်
ပန်းငွေမိကျောင်း အခါကောင်း၏ ... ။

* ရှေးဖြစ်ဟောင်း၌
ကျိုးကြောင်းမျှော်ရည် ဘုရားသည်ပင်
ရာသီကရကင့် မြတ်လေးထပ်၍
တောရပ်မြိုင်ဆီ ပုန်းညက်စီချိန်
ဝဂ္ဂီငါးဦး တရားထူးကို
စ, ဦးအခါ ဓမ္မစကြာနှင့်
ဟောကာမြွက်ကြား ရှိခဲ့ပြား၏
မိုးသားတိမ်ညို ရွှန်းရွှန်းစိုသည်
ဝါဆိုလပြည့်အခါတည်း ... ။

* ဝါဝင်သည့်လမ်း ဝါသင်္ကန်းနှင့်
ဆင်မြန်းဆည်းကပ် ရှင်သူမြတ်တို့
ကျင့်အပ်ကျောင်းတွင် တရားဆင်၍
လူတွင်သီလ ဥပုသ်စ, ကာ
ဘဝဖြောင့်တန်း နိဗ္ဗာန်လမ်းတွက်
မျှော်မှန်းကုသိုလ်ယူကြပြီ ... ။

* တို့ပြည်မြန်မာ တို့ရိုးရာမို့
တို့ရွာအတွင်း ပျိုတစ်သင်းတို့
ပန်းခြင်းကိုင်လျက် ပန်းခူးထွက်ကြ
နှစ်သက်ရာရာ ပန်းစုံစွာကို
ညီညာတန်းတူ စိတ်မှန်းဖြူလျက်
ပန်းပူဇော်ပွဲ တူပျော်နွှဲသည်
အပျော်ကဲသည့် လပေကို ... ။ ။

**မိုးမြေခင် (စဉ့်ကူး)**

